## Highlights from DVB Debate's My Sex My Choice Show

## October 29, 2016

## "Is My Sex My Choice?"

"ကျမတို့ကို လူမှုအသိုင်းအဝိုင်းက ကျမတို့ကို ဘောင်တခုနဲ့ပဲ လက်ခံကြတယ်. ဥပမာ ကျမတို့အလုပ်က မိတ်ကပ်လိမ်းဖို့၊ ဖက်ရှင်တို့ နတ်ကတော်တို့လောက်ပဲ လက်ခံထားကြတယ်။ အုပ်ချုပ်ရေးပိုင်းလို နေရာမျိုး ပုံမှန်လုပ်ငန်းခွင်တွေမှာ စီဗီသွားတင်ရင်တောင် ဖုန်းနဲ့ဆို အကောင်း၊ လူလည်းတွေ့ရော ဒါကြီးလား ဆိုတဲ့ အမြင်မျိုးနဲ့ ကြည့်ကြတယ်"

ရှင်းသန့် - လိင်စိတ်ခံယူမှုကွဲပြားသူ၊ လိင်တူချင်းချစ်သူတွေအရေး တက်ကြွလှုပ်ရှားသူ

"ကျနော်တို့က ကန့်သတ်မှုတော့ ရှိပါတယ်။ အိန္ဒြေသိက္ခာနဲ့နေတဲ့ LGBT တွေကို လက်ခံပါတယ်။ အိန္ဒြေသိက္ခာမရှိတဲ့ လိင်တူချစ်သူတွေကို လက်မခံဘူး"

ဒေါက်တာရူပ - ဆောင်းပါးရှင်

---

"ရုပ်ရှင်၊ ဗီဒီယိုတွေမှာ အခြောက်ဆိုတဲ့ စကားလုံးအောက်မှာ အားလုံးကို သိမ်းပြီး လှောင်ပြောင်တဲ့ ကာရိုက်တာပုံစံနဲ့ ပြနေတယ်။ LGBT တွေကို ဟာသပုံအဖြစ်နဲ့ ရိုက်ပြတဲ့အတွက် ရှေးလူကြီးတွေ အမြင်မှာလည်း ငါ့သား၊ သမီးတွေ လိင်တူချစ်သူတွေဖြစ်ရင် ရှက်စရာလို့ ထင်ကုန်တာပေါ့"

မျိုးကိုကိုစန်း - Miss International Queen Myanmar 2014

---

"ဟိုးအရင်တုန်းက မိန်းမလျာတွေသည် sex ဘက်ကို ပရိုမိုးရှင်းလုပ်တာတွေ များလို့ လူတွေက သူတို့ကို လန့်လာတာတွေ ရှိတယ်"

ဦးဇေယျာကျော်(ခ) ညလယ်မိုး - ကဗျာဆရာ

---

"ဌာနဆိုင်ရာတွေမှာ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးနေရာတွေ အမတ်တွေနေရာမျိုးတွေမှာ လိင်တူချစ်သူတွေ ဘယ်နယောက်များ နေရာရနေသလဲ? ကျမတို့ကို အစဉ်သဖြင့် ခွဲခြားဆက်ဆံတာဟာ အစဉ်အလာလိုဖြစ်နေတယ်။ နိုင်ငံသားအခွင့်အရေးတွေ ဆုံးရှုံးပါတယ်"

ရှင်းသန့် - လိင်စိတ်ခံယူမှုကွဲပြားသူ၊ လိင်တူချင်းချစ်သူတွေအရေး တက်ကြွလှုပ်ရှားသူ

---

"လူမှုအသိုင်းအဝိုင်းကလူတွေ လိင်တူချစ်သူတွေကို လက်ခံလာအောင် လုပ်ဖို့ရာမှာ ဥပဒေပိုင်းနဲ့လုပ်လို့မရဘူး။ အများစု လူမှုအသိုင်းအဝိုင်းကလူတွေက LGBT တွေကို ကြောက်ကြတယ်ဗျ"

ဒေါက်တာ ရှုပ - ဆောင်းပါးရှင်

---

"ယောကျာ်းလေးတွေမှာလည်း သိက္ခာရှိတာမဟုတ်ဘူး LGBTတွေမှာလည်း သိက္ခာရှိတယ်။ သာမာန်ယောကျာ်းလေးတွေထက်စာရင်တော့ ကျမတို့က ပိုပြီး ပွင့်ပွင့်လင်းလင်းပြောတတ်တာရှိတယ်၊ ပိုပျော်ပျော်နေတတ်တယ်"

မျိုးကိုကိုစန်း - Miss International Queen Myanmar 2014

---

"မိန်းမနဲ့ ယောကျာ်း တရားဝင်ထိမ်းမြားလက်ထပ်ကြတယ်၊ ကျမတို့ လိင်တူချစ်သူတွေ တရားဝင်ထိမ်းမြားလက်ထပ်ခွင့်တွေ ဘာမှမရှိတဲ့အတွက် အခွန်ကင်းလွတ်ခွင့်လိုမျိုး အခွင့်အရေးတွေ၊ အမွေဆက်ခံခွင့်တွေ အခွင့်အရေးရနေတာ မရှိဘူး"

Yaya - လိင်တူချစ်သူတဦး

---

---